

THE #1 NATIONAL BESTSELLER
MICHAEL LEWIS
အားကစားထက်
ပိုသော
Moneyball
WITH A NEW AFTERWORD

Moneyball

Author: Michael Lewis

ပြန်ဆိုသူ-ကိုနေ ( Y.I.E)

*

# အကြောင်းအရာအကျဉ်း

*

အုတ်ကလန်း ဘေ့စ်ဘောအသင်း ( Oakland) က မေဂျာလိဂ်အသင်းတွေထဲမှာဆိုရင် အဆင်းရဲဆုံး အသင်း ဖြစ်ခဲ့ပေမယ့် အသင်းကြီးတစ်သင်းဖြစ်တဲ့ နယူးယောက်ယန်းကီးအသင်းကို ပခုံးချင်းယှဉ်နိုင်တဲ့ ရလဒ်တွေထွက်လာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒီလိုဖြစ်လာအောင် သူတို့ ဘယ်လိုများလုပ်ခဲ့ပါလိမ့် ...။ သူတို့ တိုးတက်လာရတဲ့ လျှို့ဝှက်ချက် ကတော့ ဘောလုံးလောကထဲက လွဲနေတဲ့အချက်တွေကို မြင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ကိန်းဂဏန်းအချက်အလက်တွေအရ မမြင်နိုင်ခဲ့တဲ့ အချက်လေးတွေကို မြင်ခဲ့သလို ၊ အဆင့်နိမ့်ကျတဲ့နေတဲ့ ဘောလုံးသမားတွေကို စံနှုန်းအသစ်တွေနဲ့ ပြန်လည် ရွေးထုတ်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ဒီစာအုပ်ကို ဖတ်ပြီးသွားတဲ့နောက် ဘေ့စ်ဘောလောကရဲ့ သမိုင်းဝင်သင်ခန်းစာတွေကို လေ့လာပြီးသွားရင်တော့ မမျှတတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ အားနည်းတဲ့အသင်းတစ်ခုအနေနဲ့ အောင်မြင်ဖို့အတွက် ဘယ်လို လုပ်ဆောင် နိုင်ခဲ့တယ်ဆိုတာကို တွေ့ရှိရမှာပဲ ဖြစ်ပါတယ်။

ဒီစာအုပ်ကရေးသူကတော့ကမ္ဘာကျော် ငွေကြေးစီမံခန့်ခွဲမှုစာအုပ်တွေ

ရေးသူတစ်ဦးဖြစ်တဲ့ မိုက်ကယ်လူးဝစ် ပဲ ဖြစ်ပါတယ်။ သူက အမေရိကန် လူ့ထုအသိုင်းအဝိုင်းကို ဆွဲဆောင်နိုင်ခဲ့တဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ ဇာတ်ကောင်တွေနဲ့ အဖြစ်အပျက်တွေကို ဖန်တီးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ သူ ရေးသားခဲ့တဲ့ Liar’s Poker , The Big Short , The Undoing Project နဲ့ The Blind Side ဆိုတဲ့စာအုပ်တွေ အရောင်းရဆုံးစာရင်းဝင် စာအုပ်တွေဖြစ်ခဲ့ကြပြီး ဆယ်စုနှစ် သုံးခုလောက်ထိ လူသိများထင်ရှားတဲ့ သူတစ်ယောက်ဖြစ်ခဲ့ပါတယ်။

ဘေ့စ်ဘော ကစားသမားတွေရဲ့ အသိုင်းအဝိုင်းထဲမှာ ငွေကြေးတတ်နိုင်တဲ့ အသင်းကြီးတွေကတော့ အသင်းအတွက် အောင်မြင်မှုတွေ အာမခံပေးနိုင်မယ့် လူကောင်းတွေဝယ်ယူဖို့ တတ်နိုင်ပြီးတော့ ငွေကြေးမတတ်နိုင်တဲ့ အသင်းငယ် လေးတွေက တော့ ဒဏ်ရာရနေတဲ့ သူတွေ နဲ့ သိပ်မထူးချွန်တဲ့ ကစားသမားတွေလောက်ပဲ တတ်နိုင်ကြတာမို့ ရှုံးဖို့က သေချာသလောက် ဖြစ်နေခဲ့ပါတယ်။

ရိုးရိုးလေးပြောရမယ်ဆိုရင်တော့ ဘေ့စ်ဘောမေဂျာလိဂ်ကို ကြည့်ရင်တော့ အသင်းတွေရဲ့ ငွေကြေးသုံးစွဲတဲ့ပမာဏက အောင်မြင်မလား ရှုံးနိမ့်မလားဆိုတာကို ပြောနိုင်တဲ့ အချက်ပြကိန်း တစ်ခုပဲ ဖြစ်ပါတယ်။ ဥပမာဆိုရင် ငွေကြေးအတောင့်ဆုံး အသင်းနဲ့ အောက်ဆုံးက အသင်းတို့ရဲ့ ငွေကြေးသုံးစွဲမှု အချိုးအစားကို ကြည့်မယ်ဆိုရင် အမျိုးသားဘောလုံးလိဂ်မှာဆို 1.5 : 1 ရှိပြီးတော့ အမျိုးသား ဘတ်စကတ်ဘော အဖွဲ့အစည်းမှာဆို 1.75 : 1 ရှိပါတယ် ။ မေဂျာလိဂ် မှာရော ဘယ်လောက်လောက် ရှိမယ်ထင်လဲ …။ အဲဒီ့မှာကတော့ 4: 1 တောင် ရှိနေပါတယ်။ ဒါက ထိပ်ဆုံး ခုနှစ်သင်းက အသင်းလိုက်လစာ တွေကို အောက်ဆုံး ခုနှစ်သင်းက လစာတွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့ အချိုးဖြစ်ပါတယ်။ အဲဒီ့ထဲမှာ နယူးယောက်ယန်းကီး

အသင်းကတော့ ငွေကြေးအတောင့်တင်းဆုံး နဲ့ နာမည်အကြီးဆုံး အသင်း ပါပဲ ။

မေဂျာလိဂ်က ဘေ့စ်ဘောပွဲတွေ တစ်ပွဲမှ မကြည့်ဖူးဘဲနဲ့တောင်မှ ဟောလီးဝုဒ်ရုပ်ရှင်တွေမှာ ပါတတ်လေ့ ရှိတဲ့ နယူးယောက်ယန်းကီးအသင်းကိုတော့ သိနိုင်ပါတယ်ထင်ပါတယ်။ အချမ်းသာဆုံးအသင်းတစ်ခုအနေနဲ့ အသင်းကို ငွေတွေ ပုံအောပြီးတော့ သူတို့ပွဲတွေကို ကြည့်ပြီး အမှတ်ကောင်းတွေလိုချင်ကြတဲ့ ပရိတ်သတ်တွေ အများအပြားကို ဆွဲဆောင် ကြပါတယ်။ သူတို့က ကြော်ငြာလုပ်လို့ရတဲ့ နည်းလမ်းပေါင်းစုံကို သုံးပြီးတော့လည်း အသင်းကို အားပေးမယ့်သူတွေကို ဆွဲဆောင်လေ့ ရှိပါတယ်။

နယူးယောက်ယန်းကီးတွေနဲ့ မတူတဲ့ အုတ်ကလန်းအသင်းကတော့ ယန်းကီးတွေသုံးတဲ့ငွေရဲ့ သုံးပုံတစ်ပုံထက်နည်းတဲ့ ငွေကြေးလေးနဲ့ လည်ပတ်နေရပြီးတော့ တော်တော်လေးသေးတဲ့ အသင်းလေးတစ်သင်းလို့ ပြောလို့ရပါတယ်။ ဒီလိုမျိုး ပြဿနာက အုတ်ကလန်းအသင်းအနေနဲ့ ကစားပွဲတွေမှာ အနိုင်ရဖို့ ခက်တဲ့ အကြောင်းပဲလို့ မြင်ရပါတယ်။ ဒါပေမယ့် သူတို့လုပ်နိုင်ခဲ့ပါတယ်။ ဒီလိုမျိုး မျှော်လင့်ချက်မဲ့နေတယ်လို့ ထင်ရတဲ့ အသင်းတစ်ခုက သူတို့သုံးနိုင်တဲ့ မဖြစ်စလောက် ငွေကြေးလေးနဲ့ မရေတွက်နိုင်တဲ့ ပွဲစဉ်တွေကို အနိုင်ရခဲ့ပြီးတဲ့နောက်မှာ အစဉ်အလာဟောင်းတွေကို ကျော်ဖြတ်ပြီးတော့ မှတ်တမ်းသစ်တစ်ခု ရေးထိုးနိုင်ခဲ့ပါတယ်။

ဒီလိုမျိုး အောင်မြင်မှုကနေ တစ်နိုင်ငံလုံးက အုတ်ကလန်းအသင်းကို အားပေးလာကြပြီးတော့ သူတို့ဘယ်လိုများ လုပ်ခဲ့ကြပါလဲ ဆိုတာကို လူတွေက စိတ်ဝင်တစားနဲ့ မေးခဲ့ကြပါတယ် ။ ဒီမေးခွန်းကို ဖြေဖို့အတွက် စာရေးသူက လိဂ်ရဲ့ ထိပ်ဆုံးကို တက်လာနိုင်ခဲ့တဲ့ အသင်းရဲ့ ဖြတ်သန်းလာခဲ့တဲ့ လမ်းကြောင်း တစ်လျှောက်လုံးကို သုံးသပ်ပြီးတဲ့ နောက်ပိုင်းမှာ တွေ့

လာခဲ့ရတာကတော့ Moneyball လို့ခေါ်တဲ့ **ဘောလုံးသမားတွေရဲ့ တန်ကြေးကို တွက်ချက်တဲ့ နည်းလမ်းသစ်** တစ်ခုကို လုပ်ဆောင် နိုင်ခဲ့ကြတာကို တွေ့ရှိခဲ့ကြပါတယ်။ ဒီနည်းလမ်းသစ်က အရည်အချင်း မရှိဘဲ ဘေးထွက်နေရတဲ့ ကစားသမား တွေရဲ့ တန်ဖိုးကို တွက်ချက်တဲ့နေရာမှာ ကိန်းဂဏန်းအချက်အလက်တွေကို ကျယ်ကျယ်ပြန့်ပြန့်သုံးပြီးတော့ ပိုမှန်ကန်တဲ့ တန်ကြေးတစ်ခု ထွက်လာအောင် သုံးတဲ့ စနစ်အသစ်တစ်ခုပဲ ဖြစ်ပါတယ်။

ဒီနည်းဗျူဟာက အောက်ခြေရောက်နေတဲ့ အနိုမ်ခံတွေအနေနဲ့ ပိုသန်မာတဲ့ ပြိုင်ဘက်ကို ဘယ်လိုကျော်လွှားနိုင်မလဲ ဆိုတာကို လေ့လာထားတာပဲ ဖြစ်ပါတယ်။ အဲဒီ့စနစ်အသစ်နဲ့ သင်ခန်းစာတွေကို ဘယ်နေရာမှာပဲ ဖြစ်ဖြစ် သုံးနိုင်ပြီးတော့ ထိပ်ဆုံးစာရင်းထဲမဝင်တဲ့ကုမ္ပဏီတွေအနေနဲ့လည်း အားသာချက်တွေကို ရှာဖွေနိုင်ဖို့ အသုံးချနိုင်ပါတယ်။ ဒီစာအုပ်ကနေ သင်ယူဖို့ ရလာနိုင်တာကတော့ မမျှတတဲ့ပုံစံနဲ့ အသားကျနေတဲ့ ဈေးကွက်ထဲမှာ သူများထက်သာနိုင်မယ့် အားသာချက်တွေကို အများကြီးရအောင် လုပ်ဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။

စာရေးသူ မိုက်ကယ်လူးဝစ်က ဝေါစထရိ ရင်းနှီးမြုပ်နှံမှု ဘဏ်တွေထဲမှာ ဦးဆောင်တဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ ဆော်လမွန် ဘရားသားကုမ္ပဏီမှာ လုပ်ကိုင်သူဖြစ်ပါတယ်။ အခုစာအုပ်က သူ့ရဲ့ အအောင်မြင်ဆုံး စာအုပ်တစ်အုပ်လည်း ဖြစ်ပါ တယ်။ ခုလို တန်ကြေးသစ်ကိုတွက်ချက်တဲ့ နည်းဗျူဟာနဲ့ ကိန်းဂဏန်းတွေကို အသုံးပြုတဲ့ နည်းလမ်းတွေက ဘေ့စ်ဘော လောကရဲ့ ထုံးတမ်းစဉ်လာတွေကို ပြောင်းလဲခဲ့နိုင်ပြီးတော့ တခြားနယ်ပယ်စုံက မန်နေဂျာတွေဆီကိုလည်း ပျံ့နှံ့ခဲ့ပါတယ်။ ဒီစာအုပ်ကို ရုပ်ရှင်ရိုက်ခဲ့ပြီးတော့ မင်းသားအနေနဲ့ ဘရတ်ပစ်က သရုပ်ဆောင်ခဲ့ပါတယ်။

ဒီစာအုပ်ကို သုံးပိုင်းခွဲပြီး လေ့လာခဲ့တာကို ရှင်းပြပေးသွားမှာ ဖြစ်ပြီးတော့ အုတ်ကလန်းအသင်းအနေနဲ့ မဖြစ်နိုင်တဲ့ အရာတွေကို ဘယ်လိုလုပ်ခဲ့နိုင်သလဲ ဆိုတာနဲ့ ဘောလုံးသမားတွေရဲ့ တန်ကြေးသစ်ကို တွက်ချက်မှုနည်းက ကမ္ဘာကြီးကို ဘယ်လို ရိုက်ခတ်သွားတယ်ဆိုတာကိုပါ တွေ့နိုင်မှာဖြစ်ပါတယ်။ လေ့လာသွားမယ့် အပိုင်းတွေကတော့

၁) ဘောလုံးသမားတွေရဲ့ တန်ကြေးသစ် ဖြစ်တဲ့ Moneyball ဆိုတာဘာလဲ …

၂) ဘာကြောင့်ဒီလိုတွက်ချက်နည်းအသစ်က အလုပ်ဖြစ်ခဲ့တာလဲ ..

၃) ဘောလုံးတန်ကြေး နည်းဗျူဟာကို သုံးပြီးတော့ အံ့မခန်းရလဒ်တွေရလာအောင် ဘယ်လို လုပ်ကြမလဲ …

***